MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ (MAGDPL) ကုမ္ပဏီမှ ရန်ကုန်စတော့အိပ်ချိန်း၏ ပင်မဈေးကွက် သို့ လာမည့် (၅) နှစ်အတွင်း ဝင်ရောက်နိုင်ရေးစီမံချက်

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ (MAGDPL) အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် သို့ ပထမဦးဆုံးသော Register ကုမ္ပဏီအဖြစ် CB Securities မှတစ်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) အပိုဒ် ၅(ခ) အရ လည်းကောင်း ၊ စာရင်းဝင်အကြိုဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ် ၆၊ (ခ) (၆) အရ လည်းကောင်း၊ ၆ (ဂ) အရလည်းကောင်း ကုမ္ပဏီသည် စာရင်းဝင် အကြိုဈေးကွက်တွင် စတင်ဝင်ရောက်သည့်ရက်မှစ၍ (၅)နှစ်အတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ ပင်မဈေးကွက် စာရင်းဝင် ကုမ္ပဏီဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထုတ်ပြန်ကြေညာရမည်ဟု ဖော်ပြထားပါသည်။

၃။ MAGDPL ဒါရိုက်တာအဖွဲ့မှ လာမည့် (၅) နှစ် အတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ Main Board စာရင်းဝင်ကုမ္ပဏီအဖြစ် ရောက်ရှိနိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ရန် သဘောတူညီမှုရရှိပြီးဖြစ်၍ လိုအပ်သည့် အကြံဉာဏ်များကိုလည်း CB Securities မှ တစ်ဆင့် ရယူသွားရန် သဘောတူညီပြီး ဖြစ်ပါသည်။

၄။ MAGDPL အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်စံသတ်မှတ်ချက် (၁၇) ချက်တွင် အောက်ဖော်ပြပါ စာရင်းဝင်စံနှုန်း (၁၁) ချက်အား လိုက်နာပြီးဖြစ်ပြီး ကျန်အချက်များအား သတ်မှတ်ကာလအတွင်း ပြည့်မီနိုင်ရေးအတွက် ပိုမိုကိုက်ညီအောင် ဆောင်ရွက်ရန်နှင့် အကြံဉာဏ်ရယူမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

| စဉ် | YSX ပင်မစာရင်းဝင် စံသတ်မှတ်ချက်များ | ဖြည့်စွက်ရန်လိုအပ်ချက် |
|---|---|---|
| ၁ | မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသော ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီဖြစ်ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ အင်္ဂါရပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နေသောကုမ္ပဏီဖြစ်ရမည်။ | လိုက်နာပြီးဖြစ်ပါသည် |

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

| | | |
|---|---|---|
| ၂ | အစုရှယ်ယာဝင်ဦးရေအနည်းဆုံး ၁၀၀ အထက်ရှိရမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၃ | လျှောက်ထားသည့်နေ့တွင် ထည့်ဝင်ပြီးမတည်ရင်းနှီးငွေ အနည်းဆုံးကျပ် ၅၀၀ သန်း ရှိရပါမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၄ | လျှောက်ထားသည့်နေ့မတိုင်မီ အနည်းဆုံး (၂) နှစ်တာကာလအတွင်း လုပ်ငန်း အမြတ်ရရှိရမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၅ | တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်၍ တည်ငြိမ်သော ဝင်ငွေအခြေခံရှိရမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၆ | ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင် သူများသည် အကျင့်စာရိတ္တ ကောင်းမွန်၍ ပြစ်ဒဏ်ကျခံဖူးခြင်း မရှိသူများဖြစ်ရမည့်အပြင် အမှုရင်ဆိုင်နေ ရသူများ မဖြစ်စေရ။ တာဝန်ကျေပွန်သူဖြစ်၍ တရားမျှတစွာ၊ ဥပဒေနှင့်အညီ စိတ်ကောင်းစေတနာကောင်းများဖြင့် ဆောင်ရွက်သူများဖြစ်ရမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၇ | ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကို ဦးဆောင်သူများသည် မိမိအကျိုး၊ ကုမ္ပဏီအကျိုးအတွက် အများ ပြည်သူအထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆို ပြုလုပ်မှုမျိုး မပြုလုပ်ရ။ | လိုက်နာပြီးဖြစ်ပါသည် |
| ၈ | ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်စေရန် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတွင် တာဝန် ထမ်းဆောင်နေသော ဒါရိုက်တာအဖွဲ့ဝင် လူကြီးတစ်ဦးချင်းသည် အစုရှယ်ယာရှင်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သည့် ကိစ္စရပ်မှတစ်ပါး ယင်းကုမ္ပဏီမှ ဆောင်ရွက်နေသော လုပ်ငန်းနှင့် အကျိုးစီးပွားခြင်းတူသောလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုရ။ | SECM ညွှန်ကြားချက် ၃/၂၀၂၀ နှင့် အညီ လိုက်နာနိုင်ရန် ကြီးကြပ်ဆောင်ရွက်သွားပါမည် |
| ၉ | ကုမ္ပဏီနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီကိုဦးဆောင်သူများသည် အစိုးရအဖွဲ့ အစည်း၊ အများနှင့်သက်ဆိုင်သော | လိုက်နာပြီးဖြစ်ပါသည် |

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

| | | |
|---|---|---|
| | အဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည်မည်း စာရင်းတွင် ပါဝင်ခြင်းမရှိရ။ | |
| ၁၀ | ကုမ္ပဏီ၏စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို မြန်မာနိုင်ငံစာရင်းကိုင်နှင့် စာရင်းစစ်၏ "စံ" သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်။ | MAC ညွှန်ကြားချက် ၂၂/၂၀၂၄ နှင့် အညီ လိုက် နာသွား မည်ဖြစ်ပါသည် |
| ၁၁ | ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ တည်ဆဲအခွန်ဥပဒေများနှင့် အညီ အခွန်တာဝန် ကျေပွန်ရမည်။ | လိုက်နာပြီးဖြစ်ပါသည် |
| ၁၂ | ကုမ္ပဏီနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ အများပြည်သူသိသင့်သည့် အချက်အလက်များကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့သို့ ထုတ်ဖော်တင်ပြရမည့် အပြင် အများပြည်သူ သိနားလည်လွယ်သည့် သင့်တော်သောနည်းလမ်းဖြင့် အများပြည်သူသို့ အချိန်မှီ ထုတ်ဖော်ကြေငြာရမည်။ ထိုသို့ ထုတ်ဖော် ကြေငြာရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်မှုကို ထိခိုက်စေနိုင်မည့်အချက်များ၊ ဆုံးရှုံးနိုင်မှု အလားအလာဟု ယူဆရသော အချက်များ၊ လုပ်ငန်းဆောင်ရွက်မှုပြုနိုင်မည့် အခြေခံအလားအလာများ စသည်တို့ကို အထူးပြု ဖော်ပြရမည်။ | YSX ၏ Disclosure Guideline များ နှင့် အညီ လိုက်နာသွား မည်ဖြစ်ပါသည် |
| ၁၃ | ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရန်အတွက် ကြီးကြပ်မည့်အရာရှိ (Compliance Officer) ခန့်ထား၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများလိုက်နာရန် ထိရောက်သော စနစ်တစ်ရပ်ထားရှိ ဆောင်ရွက်ရမည်။ | Compliance Officer အား ၃၀-၅-၂၀၂၄ ရက်စွဲပါ စာအမှတ် ၁/MAGDPL/စီမံ/၂၀၂၄ (၁၁၀) ဖြင့် ခန့်အပ်ပြီး ဖြစ်ပါသည်။ |
| ၁၄ | လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ လုပ်ငန်းဆောင်ရွက်မည့် ဝန်းကျင်နှင့် ဆုံးရှုံးမှုအလားအလာ ဆိုင်ရာအချက်များ ပါဝင်သော လုပ်ငန်း စီမံချက်ထားရှိဆောင်ရွက် ရမည်။ | လုပ်ငန်း စီမံချက်များ ရေးဆွဲဆောင်ရွက်သွား မည်ဖြစ်ပါ သည်။ |

| | | |
|---|---|---|
| ၁၅ | အတွင်းသတင်းအချက်အလက်သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း (Insider Trading) ကို ကာကွယ်တားဆီးရန် စနစ်တစ်ရပ်ထူထောင်ထားရှိ ဆောင်ရွက်ရမည်။ | YSX ၏ Insider Trading သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| ၁၆ | ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့်ကုမ္ပဏီအတွင်း စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုစနစ်များထားရှိ၍ စီမံခန့်ခွဲမှုကို မလျော်သြဇာကင်းရှင်း၍ တည်ငြိမ်စွာနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ | SECM ၏ CG Guideline များကိုလိုက်နာသွား မည် ဖြစ်ပါသည် |
| ၁၇ | အနာဂတ်တွင်တည်ငြိမ်သောအမြတ်ရရှိရန် အကြောင်းအကျိုးညီညွတ်သော မျှော်မှန်းချက်ရှိရမည်။ | လိုက်နာပြီးဖြစ်ပါသည် |

၅။ MAGDPL ကုမ္ပဏီ အနေနှင့် ရန်ကုန်စတော့အိပ်ချိန်း၏ ပင်မဈေးကွက် စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်လာရေး အတွက် အောက်ဖော်ပြပါ Timeline အတိုင်းဆောင်ရွက်သွားရန်စီစဉ်ထားပါသည်။

| စဉ် | **YSX ပင်မစာရင်းဝင် စံသတ်မှတ်ချက်များ** | Year 1 | Year 2 | Year 3 | Year 4 | Year 5 |
|---|---|---|---|---|---|---|
| ၈ | ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်စေရန် အများနှင့် သက်ဆိုင်သော ကုမ္ပဏီတွင် တာဝန် ထမ်းဆောင်နေသော ဒါရိုက်တာ အဖွဲ့ ဝင်လူကြီးတစ်ဦးချင်းသည် အစုရှယ်ယာရှင် အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သည့် ကိစ္စရပ်မှတစ်ပါး ယင်း ကုမ္ပဏီမှ ဆောင်ရွက်နေသော လုပ်ငန်းနှင့် အကျိုးစီးပွားခြင်းတူသောလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုရ။ | | | | | |
| ၁၀ | ကုမ္ပဏီ၏စာရင်းထိန်းသိမ်းမှု၊ စာရင်းစစ်ဆေးမှုတို့ကို မြန်မာနိုင်ငံစာရင်းကိုင်နှင့် စာရင်းစစ်၏ “စံ” သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။ | | | | | |

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂ | ကုမ္ပဏီနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ အများပြည်သူသိသင့်သည့် အချက်အလက်များကို မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့သို့ ထုတ်ဖော် တင်ပြရမည့်အပြင် အများပြည်သူသိနားလည်လွယ်သည့် သင့်တော်သော နည်းလမ်းဖြင့် အများပြည်သူသို့ အချိန်မီ ထုတ်ဖော်ကြေငြာရမည်။ ထိုသို့ ထုတ်ဖော်ကြေငြာရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်မှုကို ထိခိုက်စေနိုင်မည့်အချက်များ၊ ဆုံးရှုံးနိုင်မှု အလားအလာဟု ယူဆရသော အချက်များ၊ လုပ်ငန်း ဆောင်ရွက်မှုပြုနိုင်မည့် အခြေခံအ လားအလာများ စသည်တို့ကို အထူးပြု ဖော်ပြရမည်။ | | | | | |
| ၁၄ | လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ လုပ်ငန်းဆောင်ရွက်မည့် ဝန်းကျင်နှင့် ဆုံးရှုံးမှု အလားအလာဆိုင်ရာအချက်များ ပါဝင်သော လုပ်ငန်း စီမံချက်ထားရှိဆောင်ရွက် ရမည်။ | | | | | |
| ၁၅ | အတွင်းသတင်းအချက်အလက် သိရှိသူများက ကြိုတင်ရောင်းဝယ်ဆောင်ရွက်ခြင်း (Insider Trading) ကို ကာ ကွယ်တားဆီးရန် စနစ်တစ်ရပ်ထူထောင်ထားရှိ ဆောင်ရွက်ရမည်။ | | | | | |
| ၁၆ | ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် ကုမ္ပဏီအတွင်း စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှုစနစ်များထားရှိ၍ စီမံခန့်ခွဲမှုကို မလျော်ဩဇာ ကင်းရှင်း၍ တည်ငြိမ်စွာနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ | | | | | |

**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.**

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com


Remarks: (blue) Preparation (yellow) Practicing (green) Readiness

ဖ။ MAGAPL ကုမ္ပဏီအနေနှင့် ရန်ကုန်စတော့အိပ်ချိန်း၏ ပထမဦးဆုံးသော Register ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ Main Board အတွက် သတ်မှတ်ထားသည့်စံများနှင့် ပြည့်စုံစေရေး အတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် လုပ်ငန်း နှင့်ဆက်နွယ်ရာအဖွဲ့များ၏ သတ်မှတ်ထားသည့် ဥပဒေ ၊ စည်းမျဉ်းများနှင့်အညီ လိုက်နာ ဆောင်ရွက် ပြီး စံပြနမူနာ ကုမ္ပဏီ တစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်ပါသည်။

(  )

Managing Director

Date: 10th October, 2024

